# ဘုရားသခင်၏ နိုင်ငံတော်ဤမြေကြီးပေါ်တည်ရှိခြင်း
# The Kingdom of God on Earth

## ကမ္ဘာမြေကြီးဆိုင်ရာ ဘုရားသခင်၏အကြံတော်
## God's plan for the world

ကောင်းကင်လဟာပြင်ပေါ်မှ ကမ္ဘာမြေကြီးကိုကြည့်သောအခါ အလွန်တရာလှပနေပါသည်။ အာကာသခရီးသည်များက ဤအကြောင်းကို အတည်ပြုကြပြီး မြေကြီးသည် ဘုရားရှင်ဖန်ဆင်းသောအရာထဲ၌ အလှဆုံး ရတနာဖြစ်ပါသည်။စကြာဝဠာတစ်ခုလုံးအနက် (ဂတိလက်ရှိခဲ့သည့်အတိုင်း) မြေကြီးကိုထာဝရဘုရားကနိုင်ငံတော်၏ ဂုဏ်ရောင်ပြောင်ခြင်းကိုဖော်ပြရန်အတွက် ရွေးချယ်တော်မူသည်။ ထို့ကြောင့်လည်း အလွန်လှပနေပါသည်။

နေကိုပတ်သောဂြိုလ်များအနက် မြေကြီးသည်သက်ရှိသတ္တဝါမျိုးစုံကျက်စားရန်အတွက်အသင့်လျော်ဆုံးဂြိုလ်ကြီးဖြစ်နေပါသည်။ မြေကြီးသည်သူ၏ နေမင်း ကြီးကိုပတ်သည့်ပတ်လမ်းကြောင်းအတိုင်း အကွာအဝေးအတိုင်း ပုံမှန်ပတ်ခြင်းရှိသောကြောင့် လူသားများအတွက် နေချင်ဖွယ်အကောင်းဆုံး အခြေအနေကို ပေးနိုင်ပါသည်။

## သမ္မာကျမ်းစာသည်သတင်း၏ တခုတည်းသောရင်းမြစ်ဖြစ်ကြောင်း
## The Bible-sole source of information

အဘယ့်ကြောင့်ဤသို့ဖြစ်ရကြောင်းကို ကျမ်းစာကသာ ပြောပြနိုင်သည်။ အကြောင်းမှာ ဖန်ဆင်းရှင်က “မြေကြီးကိုပြုပြင်ဖန်ဆင်း၍ အမြဲတည်စေတော်မူသောအရှင်အချည်းနှီး ဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဖို့ ဖန်ဆင်းတော်ခဲ့သည်။ ဘုရားသခင်မိန့်တော်မူသည်ကား ငါသည်ထာဝရဘုရားဖြစ်၏ ငါမှတစ်ပါး အခြားသောဘုရားမရှိ” (ဟေရှာ ၄၅း၁၈) ပုံစံထုတ်သူဒီဇိုင်းပညာရှင်ကြီး

ရှိလျှင်ဤသို့ ကျိုးကြောင်းညီညွတ်စွာတွေးထင်နိုင်ပါသည်။ ဤကမ္ဘာ ဂြိုလ်ကြီးအပေါ်နေထိုင်မည့်လူသားမျိုးနွယ်များအား ဖန်ဆင်းသူဖြစ်ပါသည်ဆိုလျှင် ရည်ရွယ်ချက်ကြီးကြီး ရှိသည်မှာသေချာလှပါသည်။ ထိုပန်းတိုင်မသိနိုင်အောင်ထားခဲ့ခြင်း မရှိသောကြောင့်ဝမ်းသာကြပါစို့။ ဘုရားရှင်က မြေကြီးပေါ်တွင် လူသားများကိုထားရှိကတည်းက ဘုရားရှင်၏ ရည်ရွယ်ချက်သည် ထိုလူသားက ဘုရားရှင်၏ပြီးပြည့်စုံမှုကို တုံ့ပြန်ရန်အတွက်ဖြစ်ပါသည်။

"အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရား၏ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံ လိမ့်မည်" (ဟဗ ၂း၁၄)။ ထိုကဲ့သို့ နောက်ဆုံးပြည့်စုံခြင်းကို ကျမ်းစာက မြေကြီးပေါ်၌ ဘုရားရှင်၏ နိုင်ငံတော်တည်ရှိမည်ဟု ဖော်ပြခဲ့ပါသည်။

## **တကယ့်နိုင်ငံတော်** (A real kingdom)

နိုင်ငံတော်ဟုဆိုခြင်းသည် ရုပ်ပိုင်းဆိုင်ရာအနေအထားအားလုံးနှင့် နိုင်ငံရေး အနေအထား အားလုံးပါဝင်သော တကယ့်နိုင်ငံတော်ဖြစ်၍ အုပ်ချုပ်သောမင်း ရှိရပါမည်။ အစိုးရအဖွဲ့အစည်းလည်းရှိပြီး ရုံးစိုက်ရာမြို့တော် အပါအဝင် အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းလည်း ရှိရမည်။ ဤကဲ့သို့သော အုပ်ချုပ်ရေးအာဏာအားလုံးကိုဘုရားရှင်က ယေရှုခရစ်တော်သို့ လွှဲအပ်တော်မူခဲ့ပါသည်။ အကောင်အထည်ပေါ်မည့်နေ့ရက်အချိန်တိုင်း ဖခမည်းတော်၏ လက်ထဲ၌သာ ရှိတော်မူပါသည်။

"ခန့်ထားတော်မူသောသူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့် ညီလျော်စွာ စစ်ကြောစီရင်မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ" (တ ၁၇း၃၁)။

ထို့ကြောင့်မကြာခင် ဤမြေကြီးပေါ်၌ ဘုရားသခင်၏နိုင်ငံတော်ပေါ်ထွန်းလာတော့မည်မှာ သေချာပါသည်။ အရိပ်ပြလက္ခဏာများရှိသော်လည်း ဤ

ဖယ်ရှင်း၍၊ မိမိနိုင်ငံကို ဘုရားသခင်တည်းဟူသော ခမည်းတော်၌ ပြန်အပ်တော်မူပြီးမှ ကမ္ဘာကုန်ရလတံ့။ ခရစ်တော်သည် ရန်သူအပေါင်းတို့ကို ခြေဖဝါးတော်အောက်၌ ချထားတော်မမူမှီတိုင်အောင် အုပ်စိုးတော်မူရမည်။ ဖျက်ဆီးခံရမည့်နောက်ဆုံးရန်သူသည် သေမင်းဖြစ်၏ . . . . . . ခပ်သိမ်းသောအရာတို့သည် လူသားအောက်၌ ချထားလျက်ရှိသောအခါ၊ခပ်သိမ်းသောအရာတို့ကို သူ့အောက်၌ချထားတော်မူသောသူ၏ အုပ်စိုးတော်မူခြင်းကို သားတော်သည် ကိုယ်တိုင်ဝန်ခံလိမ့်မည်။ အကြောင်းမူကား၊ ဘုရားသခင်သည် အလုံးစုံ၌ အလုံးစုံဖြစ်တော်မူမည့်အကြောင်းတည်း” (၁ကော - ၁၅း၂၄-၂၈)။

နောက်ဆုံးကာလနှင့်ပတ်သက်၍ နောင်ကာလတွင်ဖြစ်ပျက်လာမည့်အကြောင်းအရာများကို စိတ်ကူးဆင်ခြင်တွေးခေါ်ခြင်းသည် ခက်ခဲပေမည်။ သို့မဟုတ်ဘုရားရှင်၏“အလုံးစုံ”အကြောင်းသည်စဉ်းစားရခက်ခဲနိုင်ပါသည်။ မည်သို့ဆိုစေ ထာဝရဘုရားသည်သူ့အကြံအစည်နှင့်အစီအစဉ်ကိုအကောင်အထည်မဖော်ဘဲနေမည်မဟုတ်ပါ။ မကြာခင်ကာလတွင်အံ့သြဖွယ်ကောင်းလောက်အောင်ပြည့်စုံလာတော့မည်မှာမလွဲပါ။

“ငါအသက်ရှင်သည်ဖြစ်၍၊ ထာဝရဘုရား၏ ဘုန်းတော်သည် မြေတပြင်လုံး၌ ပြန့်နှံ့လိမ့်မည်” (တော ၁၄း၂၁)။

ထို့ကြောင့်ဤကဲ့သို့သောအံ့ဖွယ်ထူးဆန်းသည့် လာမည့်ကာလကို လွှတ်မသွားပါစေနှင့် မကြာခင် ဤကမ္ဘာမြေကြီးပေါ် ယေရှုခရစ်တော်ကြွလာပြီး အုပ်ချုပ်သွားတော့မည်။ ကျမ်းစာဖတ်ရင်းစိတ်နှလုံးသွင်းပါတော့ !!!

“နိုင်ငံတော်တည်ထောင်ပါစေသော။ ကောင်းကင်ဘုံ၌အလိုတော်ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာလည်းပြည့်စုံပါစေသော။”. . . .



စာစောင်၏ ရည်ရွယ်ချက်ထဲမပါသောကြောင့် မရေးတော့ပါ။ အမှန်တကယ်တည်ရှိ တည်ထောင်လာမည်ကား အမှန်တရားဖြစ်ပါသည်။ အနှစ်(၁၀၀၀) အုပ်ချုပ်ရေး ကာလသည် လောကသားများအတွက် အထူးခြားဆုံး အံ့ဖွယ်ဖြစ်သွားမည်။ သမိုင်းတလျှောက်ရှိ အဖြစ်အပျက်များထက် ထူးခြားသာလွန်မှုရှိသောကြောင့် ဂန္ထဝင်ခေတ်ကြီး အလင်းပေးသောခေတ်ကြီး စသည်ဖြင့် သမုတ်ခြင်းရှိလာမည်။ ထူးခြားသောဖန်ဆင်းရှင် ထာဝရဘုရားနှင့် ယေရှုခရစ်တော်အား အသိအမှတ်ပြု ယုံကြည်သူများအတွက် ဘုရားရှင်၏ အုပ်ချုပ်ရေး စနစ်သည် အထူးခြားဆုံးသော ပတ်ဝန်းကျင်အနေအထားကို လုပ်ဆောင်ပေးပါလိမ့်မည်။

## ရှုမငြီးလှပသောကမ္ဘာကြီး (A beautiful world)

ခဏလောက်စိတ်ကူးကြည့်ပါ။ ငြိမ်းချမ်းပြီးရောဂါကင်းရှင်းသောပြည်သူများမပူမပင်စားသောက်နိုင်ပြီးအကျိုးဖြစ်ထွန်းသောအလုပ်သာလုပ်ရသောကမ္ဘာမြေအုပ်ချုပ်ရေးစနစ်သစ်ကြီးပေါ် ထွန်းလာတော့မည်။ အလုပ်လက်မဲ့မရှိ ခေါင်းပုံဖြတ်မှုကင်းရှင်းစွာဖြင့်အသက်ရာကျော် ကြွယ်ဝချမ်းသာစွာနေထိုင်ရသောကမ္ဘာ့အုပ်ချုပ်ရေးစနစ်သစ်ကြီးဖြစ်သောကြောင့် အငတ်ဘေးနှင့်ရောဂါဆိုးကြောင့်သေကျေပျက်စီးခြင်းမျိုးပင်ရှိတော့မည်မဟုတ်ပါ။ ကုန်းပြင်ရေပြင်ကြီးသည်ဝမ်းစာဖူလုံရေးဖြစ်သွားလိမ့်မည်။ ဤသို့စိတ်ကူးခြင်းသည် ဘုရားရှင်၏နိုင်ငံတော်ကို ပုံဖော်ခြင်းဖြစ်ပါသည်။

ဘာသာတရားခြားနားမှုနှင့် ဂိုဏ်းဂဏကွဲပြားမှု ကင်းရှင်းကြောင်းကိုပါထည့် စဉ်းစားသင့်ပါသည်။ အပြည်ပြည်ဆိုင်ရာတရားဥပဒေဘောင်၌ လူမျိုးတိုင်းကျေနပ်အားရဖွယ်ကောင်းသော အုပ်ချုပ်စီရင်မှုရှိလာမည်။ အကြမ်းဖက် တိုက်ခိုက်မှုနိဂုံးချုပ်ပြီး ကလေးအရွယ်လူသားများအပေါ် မတရားပြုကျင့် ခြင်းလည်း မရှိတော့ပါ။ အိမ်နီးချင်းပတ်ဝန်းကျင်လူများကလည်း ဝိုင်းဝန်းထောက်ပံ့တတ်သူများသာဖြစ်လာကြမည်။ မကောင်းသော စိတ်ထားမျိုးပင်ပပျောက်ကုန်မည်။ အဆင့်

အတန်းမြင့်မားသော အကျင့်စာရိတ္တကို ပြုစု ပျိုးထောင် အားပေးသော အစိုးရဖြစ်ပြီး ရိုင်းပင်းကူညီလိုသော စိတ်ဓါတ်စိတ်ထား သာရှိကြမည်။ ဘုရားရှင်နိုင်ငံတော်မြေကြီးပေါ် တည်ထောင်သောအခါမှာ တကယ်ဖြစ်လာမည်သာတည်း။

တချို့လူများက၊ ဘုရားရှင်နိုင်ငံတော်ဆိုသည်မှာစိတ်ကူးယဉ်မှုပါ။တနေ့မှာ လူသားများကသာဤကမ္ဘာမြေကြီးပေါ် ပျော်ရွှင်ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်ကြောင်းဖြင့် မရေမရာစဉ်းစားတတ်ကြသည်။ အချို့မှာနိုင်ငံတော်သည် အိပ်မက်တစ်ခုသာဖြစ်သည်။ သို့သော် အသိတရားရှိသူများက မြေကြီးကိုငြိမ်းချမ်းသာယာအောင်မဖော်ဆောင်နိုင်ကြောင်း နားလည်ကြပါသည်။ မိမိကျမ်းစာကို သတိကြီးစွာဖတ်ရှုလေ့လာသူများက အားလုံးယုံကြည်သကဲ့သို့ သေပြီးမှ ကောင်းကင်ဘုံ၌ ဆက်လက်အသက်ရှင်ခြင်းရှိကြောင်း အထောက်အထားမရှိသည်ကိုကောင်းစွာ နားလည်ကြပါသည်။ ခရစ်တော် ပြန်လည်ကြွလာသောအခါ သိသာထင်ရှားသော ဧကရာဇ်မင်းပိုင်ရာဘုရားရှင်နိုင်ငံတော်သည် ဤမြေကြီးအပေါ်၌ တည်ထောင်မည်။

## နိုင်ငံတော်တည်ထောင်ပါစေသော ("Thy kingdom come")

တပည့်တော်များသည် ဆုတောင်းသည့်အရာ၌ ခက်ခဲမှုတွေ့ရှိခဲ့သည်။ မည်သည့်ကိစ္စသည်အရေးပါသနည်း။ မည်သို့ဦးစားပေးဆုတောင်းရမည်ကို မသိခဲ့ပါ။ ထိုအခါကိုယ်တော်ရှင်ကထိုပြဿကိုဖြေရှင်းပြီးဆုတောင်းနည်းကို ခရစ်တော်ကသင်ကြားပေးတော်မူသည်။ ထိုဆုတောင်းခြင်းသည် သူတို့ဘဝအတွက်မည်သည့်အရာကိုဦးစားပေးရမည်ဟု ချမှတ်ပေးသည်။ ထာဝရဘုရားသည်အရာခပ်သိမ်းပေးနိုင်သူ "အဖ" ဖြစ်တော်မူသည်။ ထာဝရဘုရားသည် ကောင်းကင်ဘုံ၌ စံမြန်းတော်မူ၍ သူ့အမိန့်တော်စကားများကိုကျွန်ုပ်တို့က လိုက်နာကျင့်သုံးရမည်။ ထိုကောင်းကင်ရှိ ဘုရားရှင်အုပ်ချုပ်သော နိုင်ငံတော်သည် ဤကမ္ဘာမြေကြီးပေါ်၌ တည်ထောင်ရန် ဆုတောင်း ဆက်ကပ်ခြင်းသည် စွမ်းအားရှိသော



အခြား တစ်ပါးသော စာစောင်ကိုလည်းဖွင့်လေ၏။ သေလွန်သူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းခံရကြ၏" (ဗျာ ၂၀း၁၂)။

အထက်ပါကဲ့သို့ရှင်ပြန်ထမြောက်သူများနှင့်အတူ အသက်ရှင်ကျန်ရစ်သူအားလုံးသည်လည်းအတူတကွရှိနေကြပြီး ခရစ်တော်၏ နောက်ဆုံး တရားစီရင်ခြင်းကိုစောင့်ကြမည်။ ခရစ်တော်အား ဆန့်ကျင်တိုက်ခိုက်သူများနှင့် လူ့သဘာဝကိုအရုပ်ဆိုးအကျည်းတန်အောင်ဆိုးသွမ်းမိုက်မဲသူတို့သည် "မီးအတိပြီးသောကန်ကြီးထဲသို့ ပစ်ချခြင်းခံကြလိမ့်မည်။ အပြန်လမ်းမရှိသော သေဆုံးခြင်းဖြစ်ပါသည်။ တဖက်တွင် ခရစ်တော်အပေါ်သစ္စာရှိသူများ (အသက်ရှင်တုန်းက သစ္စာရှိသူများ) သည်ထာဝရအသက်တည်းဟူသောဆုကြီးချီးမြှင့်ခြင်းခံကြမည်။

## နိုင်ငံတော်တည်ထောင်ပါစေသော ("Thy kingdom come")

ဤအရာဖြစ်စဉ်များ ပြီးဆုံးသောအချိန်၌မူ ကမ္ဘာလောကကြီး၌ ထာဝရအသက်ပိုင်ဆိုင်သူ၊ သစ္စာရှိသောသူတော်စင်များသာနေထိုင်ကြလိမ့်မည်။ ယေရှုခရစ်တော်၏နိုင်ငံတော်တည်ထောင်ခြင်း (ကယ်တင်ခြင်း) သည်လည်း အောင်မြင်ထမြောက်အကောင်အထည်ဖော်ချိန်ဖြစ်နေမည်။ သူနှင့်အတူတကွ နေထိုင်သောလူသားများထဲ၌ အသက်သေဆုံးမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြတော့ပါ။ အဘယ့်ကြောင့်ဆိုသော် လူသားတို့မအောင်မြင်နိုင်ခဲ့သော အပြစ်တရားနှင့် သေခြင်းတရားတို့သည် အပြီးအပိုင်အောင်မြင်ပပျောက်သွားသောကြောင့် ဖြစ်ပါသည်။ ဤသို့ဖြင့်ထာဝရဘုရား၏ အလိုတော်သည်လည်း ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်းပြည့်စုံလာပြီးဖြစ်သောကြောင့် ယေရှုခရစ်တော်သင်ပြခဲ့သော ဆုတောင်းပဌနာသည်လည်းပြီးပြည့်စုံလင်ခြင်းသို့ လက်တွေ့ကျကျရောက်လာပါသည်။

"ထိုအခါ ခရစ်တော်သည် အထွဋ်အမြတ်အာဏာတန်ခိုး အမျိုးမျိုးကို

"ဤသာယာဝပြောသောခေတ်ကြီးသည် အစဉ်တည်မြဲပါမည်လား"။ ဘုရားရှင်ကလူသားများနေထိုင်ရန် ကမ္ဘာကြီးကိုဖန်ဆင်းခြင်းဖြစ်သည်ဟူသော ရှုထောင့်အရမှန်ကန်သောအဖြေမှာ "တည်မြဲမည်"ဟူ၍ဖြစ်ပါသည်။သို့သော် ထာဝစဉ်အသက်ရှင်သူများကအုပ်ချုပ်သောခရစ်တော်၏နိုင်ငံတော်ထဲ၌ သေဆုံးရမည့်သူများဖြစ်သောကမ္ဘာသူကမ္ဘာသားများကရှိနေဆဲဖြစ်ပါသည်။ အပြစ်လုပ်ခြင်းသည်လည်းရှိနေသေးသဖြင့် ထိုခေတ်ကိုဘုရားရှင်ကပင် အချိန်အကန့် အသတ်ပြုလုပ်တော်မူခဲ့သည်။ နှစ်ပေါင်း(၁၀၀၀)ဖြစ်ပြီးထိုခေတ်ကြီးထဲ၌ လူသားများကို ဘုရားရှင်စံနှုန်းအတိုင်း ကျင့်ကြံနေထိုင်သွားအောင်သင်ကြား လေ့ကျင့်ပေးရပါမည်။ ထိုမှတဆင့် ထာဝရအသက်ကိုပါ ခံစားနိုင်ကြောင်း ထိုခေတ်ရှိလူသားများကနားလည်လာကြပါသည်။

ဤသို့ဖြင့်နှစ် (၁၀၀၀) သည်လည်း ကုန်ဆုံးသွားမည်။ ထိုအခါသူ၏ သံမဏိ အုပ်ချုပ်မှုကိုစိန်ခေါ်ဆန့်ကျင်လိုသောသူများရှိလျှင် ရှေ့သို့ပေါ်ထွက်လာရသော အခွင့်အရေးကိုရရှိကြမည်။ ဤသို့ဖြင့်နောက်ဆုံးပိတ် စစ်ပွဲကြီးဆီသို့ ဦးတည်သွား မည်။ ဤပုန်ကန်လိုသောရန်သူများက ယေရုရှလင် မြို့တော်ကြီးကို ချီတက်တိုက်ခိုက် လာကြလိမ့်မည်။ သို့သော်တစ်ယောက်မကျန် ချေမှုန်းပစ်ခြင်းခံရမည်။ ဤအခြေအနေသည်လူသားတို့အတွက် သေခြင်းတရားကို နောက်ဆုံးရင်ဆိုင်သောနေ့ ဖြစ်ပါလိမ့်မည်။ နှစ်(၁၀၀၀) ကာလကုန်ဆုံးခြင်းနှင့်ဆိုင်သော အမှတ်လက္ခဏာပေါ်ထွက်လာပြီး နောက်ဆုံးကာလထဲသို့ ကမ္ဘာ့လူသားများ ဝင်ကြတော့မည်။ စစ်ပွဲကြီးကုန်ဆုံးချိန်၌ယေရှုခရစ်တော်၏ ကယ်တင်ခြင်းဆိုင်ရာအမှုတော်သည်လည်းပြီးစီးလုနီးပါး ဖြစ်သွားမည်။ အကြောင်းမူကား၊ နှစ်(၁၀၀၀)ခေတ်တုန်းကသေဆုံးသူများအတွက် ရှင်ပြန်ထမြောက်ခြင်းရှိပြီး၊ ခရစ်တော်အားတွေ့ဆုံဖူးမျှော်ကြမည်။

"သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာရပ်နေကြသည်ကိုငါမြင်၏။ စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော



ဆုတောင်းခြင်းဖြစ်ပါသည်။

"နိုင်ငံတော်တည်ထောင်ပါစေသော။ ကောင်းကင်ဘုံ၌အလိုတော်ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာလည်းပြည့်စုံပါစေသော။ . . . အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏။"(မ ၆း၉-၁၃ဖတ်ပါ။) ခရစ်ယာန်ဘာသာဝင်တိုင်း ယနေ့ထိအထက်ပါဆုတောင်းခြင်းကို ဆက်ကပ်လျက်ရှိကြကုန်သည်။ "နိုင်ငံတော်တည်ထောင်ပါစေသော" ဆိုသော ဆုတောင်းခြင်းသည်သစ္စာရှိသော ခရစ်ယာန်များ၏ နှုတ်ခမ်းမှပြောထွက်ရမည့် စကားလုံးများဖြစ်ပါသည်။ သို့သော်အများအားဖြင့် လူသားများသည် ဖန်ဆင်းရှင်မရှိသောပုံစံဖြင့် ပြုမူလာတတ်ကြသည်။ သူတို့ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီးအတွက် ရည်မှန်းချက် မရှိသောပုံစံ ဖြင့်လှုပ်ရှားလာခဲ့ကြသည်။ လူ့ခန္ဓာကိုယ်နှင့် အပင်များ ရှင်သန်ပုံကို ကြည့်ခြင်းအားဖြင့် စိတ်ထဲ၌ဖန်ဆင်းသူရှိကြောင်းသိရှိနိုင်ခြင်းကြောင့် သူတို့သည် လျစ်လျူရှု၍မရနိုင်ပါ။အလိုအလျှောက်ဖြစ်သလော၊ ဖန်တီးသလော စဉ်းစားမည်။ ဘုရားမသိသော လူများကပင် အသက်ရှင်လှုပ်ရှားတတ်သော ကလပ်စည်း (Cells)များ အပေါ်အံ့သြလျက်ရှိကြသည်။ ပညာပြည့်စုံသူရှင်ပေါလုကလည်း ဘုရားသခင်မရှိဟူသော ယုံကြည်ချက်ဝါဒသည်ခိုင်လုံမှုမရှိ၊ အကြောင်းမူကား၊ ဘုရားရှင်အားသိရှိရန် ဘုရားရှင်မှအသိပေးမှုများ၊ ဘုရားမသိသောသူများ၌ရှိနေကြောင်း ဟောပြောခဲ့ပါသည်။ "သိအပ်သော ဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင်ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အားပြတော်မူပြီ။ အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသောအရာများကိုထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်း ဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည့်ကာလ မှစ၍ ထင်ရှားလျက်ရှိကြ၏။ ထို့ကြောင့်သူတို့သည် ကိုယ့်အပြစ်ကို မဖုံးနိုင်ရာ" (ရော ၁း၁၉ - ၂၀)။

ဘုရားရှိသည်မှန်လျှင်၊ လူသားများအတွက်အကြံအစည်ရှိကြောင်းဘုရား

ရှင်မှမိန့်တော်မူခဲ့ပြီမဟုတ်ပါလော။ မှန်ပေ၏။ သမ္မာကျမ်းစာအစအဆုံးဖတ်ကြည့်လျှင်သူ၏အကြံအစည်များကိုအသိပေးပါသည်။ ပရောဖက်မှ တဆင့်လည်းပြောဆိုခဲ့ပါသည်။ ဘုရားသခင်သည် ဤနောက်ဆုံးသောကာလအခါ မိမိသားတော်အားဖြင့် ငါတို့အားဗျာဒိတ်ပေးတော်မူပြီ။ထိုသားတော်ကို အလုံးစုံတို့၏အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏" (ဟေဗြဲ ၁း၁-၂)။

ထို့ကြောင့် ဧဝံကလိတရားဟောကြားခြင်းသည် ခရစ်တော် ၏သာသနာ၌ဗဟိုချက်ဖြစ်၏တရားဇရပ်တို့၌ ဆုံးမဩဝါဒပေးလျက်နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂလိ တရားတော်ကိုဟောလျက်လူတို့တွင်အနာရောဂါအမျိုးမျိုး တို့ကိုငြိမ်းစေလျက် ဂါလိလဲပြည်တစ်ပြည်လုံးကို ဒေသစာရီလှည့်လည်တော်မူ၏ "လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန်တော်များအခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ ဘုန်းရှိသော ပလ္လင်တော်ပေါ်မှာထိုင်၍၊ ရှေ့တော်၌ လူမျိုးအပေါင်းတို့ကို စုဝေးစေသဖြင့်၊ သိုးထိန်းသည်သိုးနှင့်ဆိတ်တို့ကို တခြားစီခွဲထားသကဲ့သို့၊ လူအပေါင်းတို့ကိုသီးခြားခွဲ၍ --------" (မ ၂၅း၃၁-၃၂)။

## မြေကြီးပေါ်မည်သည့်အရပ်မှာဖြစ်ပေါ်မည်နည်း။

Where on earth will it be ?

အစပိုင်းကိုပြန်၍လေ့လာမည်ဆိုလျှင်၊ ဓမ္မဟောင်းကျမ်းထဲ၌ ရှိနေခဲ့သောအကြောင်းအရာများမှတတင်ရပါမည်။ ဂျူးလူမျိုးတို့အနေဖြင့် ခါနာန်ခေါ်ပါလက်စတိုင်း လူမျိုးတို့၏တိုင်းပြည်ကိုထာဝရဘုရားကအာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်တို့ထံဂတိ တော်ပြုခဲ့ပါသည်။ (က ၁၅း၁၈ ၊ ၁၇း၈ ဖတ်ပါ။) ဘုရားရှင်က ဤတိုင်းပြည်ရှိသောနေရာ ကိုဦးစားပေးတော်မူခဲ့၏။ ပါလက်စတိုင်းနိုင်ငံ သည် ဘုရားရှင် နိုင်ငံတော်ဖြစ်ခဲ့ပါသည်။ အကြောင်းမှာထိုနိုင်ငံထဲ၌ပင် ကမ္ဘာ့



ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကို စားကြလိမ့်မည်။ သူတို့သည် အိမ်ကိုဆောက်၍ အခြားသောသူ နေရမည်မဟုတ်။ သူတို့သည် စပျစ်ဥယျာဉ်ကိုစိုက်၍ အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏ အသက်ကဲ့သို့ ဖြစ်၍၊ သူတို့သည် ကိုယ်ပြုစုသောအရာကိုကြာမြင့်စွာ သုံးဆောင်ကြလိမ့်မည်" (ဟေရှာ ၆၅း၂၁ - ၂၂)။

## အာရပ်လူမျိုးတို့သည် ဂျူးတို့နှင့်အတူ လုပ်ကိုင်နေထိုင်ရလိမ့်မည်။

Arabs working with Jews

ဘုရားရှင်အုပ်ချုပ်သော ခေတ်ရောက်ရှိချိန်တွင်၊ ရှေးပဝေသများကတည်းက ရန်သူများဖြစ်ကြသော အာရပ်လူမျိုးနှင့် ဂျူးလူမျိုးတို့ သင့်မြတ်ချစ်ခင်လာကြမည်မှာအပျော်ဆုံးသော အလားအလာတစ်ခုဖြစ်သည်။ ပရောဖက်၏ရူပါရုံ၌ ဝံပုလွေနှင့်သိုးများအတူ ကျက်စားနေခြင်းသည် လူနှင့်တိရစ္ဆာန်များပြန်လည်သင့်မြတ်စွာနေခြင်းကို ဖေါ်ပြသည်သာမက ရန်သူများဖြစ်ကြ၍ စစ်တိုက်လာကြသော လူမျိုးတို့ ငြိမ်းချမ်းရေးပြုလုပ်ကာ သင့်မြတ်ချစ်ကြည်ခြင်း ရှိလိမ့်မည်ဟုဆိုလိုခြင်းလည်း ဖြစ်ပါသည်။ အာရပ်လူမျိုးများ ယေရုရှလင်မြို့သို့ ရောက်လာနေထိုင်ကြပြီး၊ "ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ဝမ်းမြောက်စွာချီးမွမ်းကြလိမ့်မည်" (ဟေရှာ ၆၀း၆)။ သူတို့သည် မြို့တော်သစ်ကြီးကိုဂျူးလူမျိုးနှင့်အတူတကွ ပူးပေါင်းပြင်ဆင်တည်ဆောက်ရင်း သိုးထိန်းကာ စိုက်ပျိုးထုတ်လုပ်သူများနှင့် စပျစ်ခြံပိုင်ရှင်ကြီးများဖြစ်လာကြမည်။ လက်ရှိအရှေ့အလယ်ပိုင်းအရပ်သည်အံ့ဖွယ် ကောင်းလောက်အောင် ပြောင်းလဲသွားလိမ့်မည်။ အကြောင်းမူကား၊ အာဗြဟံ မျိုးနွယ်ဝင် အာရပ်လူမျိုးတို့အတွက် ထာဝရဘုရား၏ မဟာဂတိတော်ကြီးကို အကောင်အထည်ဖော်လာရခြင်းကြောင့်ဖြစ်ပါသည်။

## မည်မျှကြာကြာခံမည်နည်း။ (How long will it last ?)

တောနှင့်လွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်သည် လည်း ရွှင်လန်း၍၊ နှင်းပွင့်ကဲ့သို့ အပွင့်ပွင့်လိမ့်မည် (ဟေရှာ ၃၅း၁)။ အာဖရိက နိုင်ငံများ၊ အရှေ့အလယ်ပိုင်းအရပ်နှင့်အာရှတိုက် ကြီးတို့တွင်ဖြစ်ပေါ်လာသော သဲကန္တာရ များကြောင့် စိုက်ပျိုးမရသောမြေကြီးဖြစ်သွား ပြီးလူသန်းနှင့်ချီ၍ ငတ်ပြတ်သေဆုံးမှု ရှိနေကြောင်းကိုစဉ်းစားကြည့်ပါ။ မြေကြီး၏ မျက်နှာပြင် အောက်ရှိရေများ စိုက်ပျိုးရေးအတွက်အသုံးချနိုင်အောင်သက်ဆိုင်ရာ အစိုးရ များကမတတ်နိုင်ကြချေ။ ခရစ်တော်အုပ်ချုပ်ချိန်၌ ဤကဲ့သို့သောသဲကန္တာရကြီးများ ကိုဆည်မြောင်းနည်းဖြင့်ရေပေးနိုင်ပြီး လူအများဝမ်းစာဖူလုံစွာစိုက်ပျိုးလုပ် ကိုင်နိုင် လာကြမည်။ ဘုရားသခင်နိုင်ငံတော်၌သာဤသို့သော သာယာဝပြောမည့် လူ့ဘဝ ခံစားကြကုန်မည်။

## လူ့ဘဝကိုတင်းပြည့်ကျပ်ပြည့်ခံစားနေထိုင်ခြင်း

## Living life to the full

ဘုရားရှင်နိုင်ငံတော်တည်ရှိချိန်တွင် လူဦးရေထူထပ်မွန်းကြပ်သောမြို့ကြီး များနည်းပါးလာမည်။ မြို့ကြီးများ၌နေထိုင်သူများသည် ကမ္ဘာ့ရပ်ဝန်းသစ်တော များနှင့်မြက်ခင်းကြီးများအသုံးချခြင်းဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်သည့် တောတောင်လွင်ပြင်များသို့ ပြောင်းရွှေ့သွားကြလိမ့်မည်။ လူဆိုး၊ သူခိုး၊ ဓါးပြများ ပုန်းအောင်းအမှု ကျူးလွန်ရာ၊ မြို့ကြီးများ၌ လူတွေနေထိုင်ခြင်းသည် ဘုရားရှင်၏ အလိုတော်မဟုတ်ခဲ့ပါ။ လူ့ဘဝတင်းပြည့်ကျပ်ပြည့်မခံစားနိုင်သော မြို့ကြီးပြကြီး များမှ အစာရေစာပေါကြွယ်ရာဘက်သို့ ပြောင်းရွှေ့နေထိုင်လာကြမည်။ ထိုအခါ လူသားများ ကာယခန္ဓာကျန်းမာကြံ့ခိုင်မှု အပြည့်ရှိလာပြီး၊ စိတ်ဓါတ်ရေးရာ မှာလည်း ကောင်းမှုလုပ်လိုသော စိတ်ထားကောင်းသာ ဖြစ်ပေါ်လာမည်။ ကမ္ဘာ့လူသားတိုင်း အလုပ်အကိုင် ကိုယ်စီရှိကြရင်း၊ ဝင်ငွေလုံလောက်မှုရှိသော လူ့ဘဝကို အားရပါးရ ကျေနပ်စွာ ခံစားကြလိမ့်မည်။



လူမျိုးများအတွက် သူ၏အကြံအစည်တော်ရှိ သမ္မာအကောင်အထည် ပေါ်လာ မည်ဖြစ်သည်။ ထိုနိုင်ငံ (ပါလက်စတိုင်း)သည် မြေသြဇာကောင်းပြီး နို့နှင့် ပျားရည်ပေါများရာဖြစ်ကာ စိုက်ပျိုးရေးလုပ်ကိုင်ရန် အတွက်အထူးကောင်းမွန် သောနေရာဖြစ်ပါသည်။

ဂျူးလူမျိုးတို့ကသူတို့သည် ဘုရားရှင်ရွေးကောက်တော်မူသောလူမျိုးဖြစ် ကြောင်းသိရှိလာခဲ့ကြသည်။ အီဂျစ်ပြည်မှအလုံးအရင်းနှင့်ထွက်ခွာလာကြသော အခါ၌ဘုရားရှင်နှင့် ဂျူးလူမျိုးတို့အကြားဆက်ဆံရေး ပြေလည်မှုကြောင့် “ဘုရား ရှင်၏နိုင်ငံတော်”ဟူသောနာမည်ဖြင့် ခေါ်တွင်လာခဲ့ကြပါသည်။ ထာဝရဘုရား သည်ခေါင်းဆောင်ဖြစ်ပြီး ဂျူးလူမျိုးတို့သည် ဘုရားသခင်၏ လူမျိုးဖြစ်လာကြသည်။

“သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကိုစောင့် ရှောက်လျှင်၊ အခြားလူမျိုးတကာတို့ထက်သင်တို့သည် ငါပိုင်သောဘဏ္ဍာတော် ဖြစ်ကြရလိမ့်မည်၊ မြေကြီးရှိသမျှတို့သည် ငါ၏ဥစ္စာဖြစ်၏၊ သင်တို့သည်လည်းမင်း စည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ကြလိမ့် မည်ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ဟုမိန့်တော်မူ၏။ (ထွ ၁၉း၅-၆)။

သို့သော်အစ္စရေးလ် (ဂျူး) လူမျိုးသည်ဘုရားရှင်အား ကြာကြာနာခံနိုင် ခြင်းမရှိ၊ ပဋိညာဉ်လည်းစောင့်ထိန်းခြင်းမရှိဖြစ်လာသောအခါ အနီးအနား ဝန်းကျင်ရှိသာမန် လူသားများအဆင့်သို့လျှောကျရောက်ရှိကြ၏။ မည်သို့ဆိုစေ၊ ဘုရင်ကြီးဒါဝိဒ်နှင့် သူ့သားရှောလမုန်တို့ အုပ်ချုပ်ချိန်၌ ဘုရားရှင်၏ နိုင်ငံတော် အရသာရှိပုံကို ကိုယ်တွေ့နဖူးတွေ့ ခံစားခဲ့ဖူးကြပါသည်။ ကြီးပွားတိုးတက် ကောင်းစားကြရင်းလူဦးရေ တိုးပွားကာငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြဖူးပါသည်။ ထို့ကြောင့် ဒါဝိဒ်မင်းကြီးက“ဣသရေလအမျိုးကို အုပ်စိုးလျက်၊ ထာဝရဘုရား၏ နိုင်ငံတော် ရာဇပလ္လင်ပေါ်မှာသားရှောလမုန်ကို ရွေးကောက်၍ထိုင်စေခြင်းငှါ ခန့်ထားတော်မူပြီ” (၅ရာ ၂၈း၅)။

## ဂျူးတို့နိုင်ငံကျဆုံးခြင်း ( The failure of the Jewish kingdom)

သာယာဝပြောသောဘုရားရှင်၏နိုင်ငံတော်သည် အစ္စရေးလ်တို့သမိုင်း၌ အလွန်တိုတောင်းသောကာလဖြစ်ခဲ့ပါသည်။ လူသားဘက်ကအတွေးဖြင့်ဝါကြွားထောင်လွှားမှုဘုရားရှင်ချမှတ်တော်မူခဲ့သောစည်းမျဉ်းဥပဒေအဆင့်အတန်း၌မနေထိုင်မကျင့်ကြံခြင်း စသည့်ပြစ်မှုတို့ကဂျူးလူမျိုးအားဆွဲချကျဆုံးသွားစေခဲ့ပါသည်။ အုပ်ချုပ်မှုစနစ်၌ဘုရားရှင်သည်အရှင်သခင်မဖြစ်တော့ပါ။ ထိုသို့ဖြစ်လာပြီးနှစ်ပေါင်းရာချီလောက်အကြာ၌ ဘုရားရှင်က ဂျူးလူမျိုးတို့အား မင်းစိုးရာဇာလမ်းကြောင်းပေါ်မှ ဖယ်ရှားတော်မူခဲ့ပါသည်။ ဗာဗုလုန်လူမျိုးက ယေရုရှလင်မြို့အား တိုက်ခိုက် သိမ်းယူကြသောအခါ ကာလအချိန်ကြာအထိ အစ္စရေးလ်တို့အတွက် မြင်တွေ့ ခံစားနိုင်သောဘုရားရှင်၏ နိုင်ငံတော်သည်လည်း မရှိဖြစ်သွားခဲ့ပါသည်။ “နိုင်ငံကို ဆုံးစေခြင်းငှာရင်း၊ အစိုးပိုင်သော သူမရောက်မှီတိုင်အောင် သော်ရင်း ငါမှောက်လှန်မည်။ မှောက်လှန်မည်။ မှောက်လှန်မည်။ အစိုးပိုင်သောသူ၌ငါအပ်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏” (ယေဇ ၂၁း၂၇)။

အထက်ပါကျမ်းချက်သည်အစ္စရေးလ်မင်းဆက် ပျက်စီးပပျောက်သွားပြီးနောက်ဂျူးလူမျိုးတို့ ကမ္ဘာအရပ်ရပ်သို့ပြန့်ကျဲရောက်ရှိခဲ့ကြခြင်းနှင့် ယေရှု ခရစ်တော်ပေါ်ထွန်းလာသောအချိန်၌ သာဘုရားရှင်၏ အုပ်ချုပ်သောနိုင်ငံ တော်ကိုတည်ထောင်မည့်အကြောင်းများကြိုတင်ဟောကိန်းထုတ်ခြင်းများသာ ဖြစ်ပါသည်။ ထို့ကြောင့်ယုဒလူမျိုးဒါဝိဒ်မင်းနွယ်မှ “မေရှိ” ဆိုသောကယ်တင်ရှင်ကို မျှော်လင့်ယုံကြည်စောင့်စားနေကြသော လက်တဆုပ်စာ အကြွင်းအကျန်ဂျူးလူမျိုးများ ရှိနေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ခရစ်တော်၏ တပည့်များသည်လည်း ဘုရားရှင်၏ နိုင်ငံတောသည်ဣသရေလနယ်မြေ၌ ပြန်လည်တည်ထောင် မည့်မျှော်လင့်ချက် အပေါ်စိတ်လှုပ်ရှားသွားခဲ့ကြပါသည်။ ခရစ်တော် ရှင်ပြန်ထမြောက်ခဲ့ပြီးချိန်တွင် သူတို့က “သခင်ဘုရား၊ ယခုအခါကိုယ်တော်သည် ဣသရေလအမျိုးတို့အား



ကျေနပ်တင်းတိမ်မှုမရနိုင်ပါ။ သို့သော်ဤ အဖြစ်များကိုကုစား၍ရနိုင်သည်။ မြေကြီးကိုဖန်ဆင်းသူ၏ အစွမ်းကြောင့်ရက်ရောစွာပေးခဲ့သော ကမ္ဘာကြီး၌ သံယံဇာတပစ္စည်းများကရှိပြီးသား ဖြစ်သည်။တစ်ခုလိုသည်မှာ သဘောထားမှန်ကန် သူများကပြဿနာအခက်အခဲများကို ဖြေရှင်းရန်နှင့် ပေါကြွယ်သော သယံဇာတပစ္စည်းများကိုစည်းရုံးအသုံးချရန် ကိုယ်ထိလက်ရောက် ပါဝင်လာကြရန်သာ ဖြစ်ပါသည်။

ဤနေရာ၌ ယေရှုခရစ်တော်သည်စည်းရုံးရေးမှာအတော်ဆုံးနှင့် အကောင်းဆုံးသောဆရာတစ်ဆူဖြစ်ကြောင်းမမေ့သင့်ပါ။ ငါးထောင်ကိုတပည့်တော် (၁၂) ပါးက ကူညီရင်းကျွေးနိုင်ခဲ့သောကြောင့် ဘုရားရှင်နိုင်ငံတော်မြေကြီးပေါ်မှာတည်ထောင်သောကာလ၌လည်း ငတ်ပြတ်သူသန်းချီ လူသားများ၏ အငတ်ပြဿနာကိုဖြေရှင်းနိုင်မည်မှာသေချာလှပါသည်။ ဥပမာအားဖြင့် အာဖရိကနှင့် အာရှတိုက်များမှ ငတ်မွတ်ခြင်းပြဿနာသည် ဖြေရှင်းပြီးသားဖြစ်သွားတော့မည်။ အကြောင်းမှာဥရောပတိုက်ရှိ အစားအစာကောက်ပဲသီးနှံ သိုလှောင်ရုံကြီးများသည် အလကား ဆွေးမြေ့ပျက်စီးမှုရှိတော့မည်မဟုတ်ပါ။ အရောင်းနှုန်းကျဆင်းခြင်းကြောင့် အမေရိကန်ကောက်ပဲသီးနှံများမီးရှို့ရသည်ဟူ၍လည်း ရှိတော့မည်မဟုတ်ပါ။

မြေကြီးသည်ကျိန်ခြင်းမှကျော်လွန်လွတ်မြောက်သွားပြီး လုပ်ကိုင်စိုက်ပျိုးသူကပေါများလျှံပယ်စွာ ရိတ်သိမ်းစုဆောင်းခြင်းရှိလာမည်။ သမ္မာကျမ်းစာ၌ကြိုတင်ဟောကိန်းရှိပါသည်။ “ပြည်တော်၌ များစွာသောစပါးရှိ၍၊ အသီးအနှံ သည် လေဗနုန်တောကဲ့သို့ တောင်ထိပ်မှာလှုပ်ရှားလိမ့်မည်။ မြို့သူမြို့သားတို့ သည်လည်း၊ မြေ၏မြက်ပင်ကဲ့သို့ စည်ပင်ကြလိမ့်မည်” (ဆာ ၇၂း၁၆)။ “စပျစ်ရည်သည် တောင်တို့မှယိုလိမ့်မည်။ နို့ရည်သည်ကုန်းတို့မှ ထွက်လိမ့်မည်။ ယုဒမြစ်ရှိသမျှ တို့သည် ရေစီးကြလိမ့်မည်” (ယောလ ၃း၁၈၊ အာ ၉း၁၃)။ “မျိုးစေ့ကို ငြိမ်ဝပ်စွာ ကြဲရလိမ့်မည်။ စပျစ်ပင်သည် အသီးကိုရင်း၊ မြေသည်မိမိ စီးပွားကိုရင်း၊ မိုးကောင်းကင် သည် နှင်းရည်ကိုရင်း ပေးရလိမ့်မည်” (ဇာ ၈း၁၂)

ပျော်စရာကောင်းပြီး၊ အသက်ကြီးသူများလည်း သိက္ခာကျခြင်းမရှိ။"ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အိုသော ယောကျ်ား၊ မိန်းမ၊ အသက်ကြီး၍ တောင်ဝှေးကိုင်သောသူအပေါင်း တို့သည်ယေရှုရှလင်မြို့ လမ်းတို့၌ နေကြလေဦးမည်။ မြို့လမ်းတို့သည်လည်း ကစားသောသူငယ်ယောကျ်ား မိန်းမတို့နှင့် ပြည့်ကြလိမ့်မည်" (ဇာ ၈း၄-၅)။

သက်တော်ထင်ရှားရှိစဉ်တုန်းက ခရစ်တော်သည်ရောဂါပေါင်းစုံကိုကင်းငြိမ်းစေခဲ့သည်ဆိုလျှင် အထက်ပါကဲ့သို့နောင်ကာလမှာလည်းမဖြစ်နိုင်ဖွယ်ရာအကြောင်းမရှိတော့ပါ။ ကမ္ဘာသူကမ္ဘာသားများခရစ်တော်၏ စံနှုန်းအတိုင်းကျင့်ကြံနေထိုင်ကြပြီး အချိန်အခါနှင့်နေရာအလိုက်စစ်မှန်သောနေရာမှအကူအညီတောင်းတတ်ကြလျှင် ကင်ဆာနှင့်နှလုံးရောဂါဆိုးများ ပင်ကင်းငြိမ်းကုန်ကြမည်။ ဘုရားရှင်အလိုတော်နှင့် ကိုက်ညီစွာမင်္ဂလာဆောင်မှုများရှိပြီး သဘာဝကျကျနေထိုင် သွားလာမည်ဆိုလျှင် အေ-အိုင်-ဒီ-အက်စ် ရောဂါဖြစ်ခြင်းလည်းရှိတော့မည် မဟုတ်ပါ။ ထိုအခါ -သတင်းကောင်းမှာ

"မျက်စိကန်းသောသူတို့သည် မျက်စိပွင့်လင်းကြလိမ့်မည်။ နားပင်းသောသူတို့သည် နားပင်းခြင်းနှင့်လွတ်ကြလိမ့်မည်။ ခြေဆွံ့သောသူတို့သည် ဒရယ်ကဲ့သို့ခုန်ကြလိမ့်မည်" (ဟေရှာ ၃၅း ၅-၆)။

## **အားလုံးကောင်းကျိုးအတွက်ကမ္ဘာ့သယံဇာတပစ္စည်းရင်းမြစ်များ**

World resources for the good of all

ခေတ်မှီသော ဤကမ္ဘာကြီးသည်သယံဇာတပေါကြွယ်ပြီး စားနပ်ရိက္ခာဖူလုံအောင် ထွက်ရှိနိုင်သောမြေဩဇာကောင်းသည် မြေကြီးများရှိလျက်သားနှင့် တိုးတက်ပွား နေသော လူဦးရေအတွက်လုံလောက်သော ရိက္ခာထုတ်လုပ်နိုင်ခြင်းမရှိဟုဆိုသော သတင်းများသည် ဝမ်းနည်းဖွယ်ကောင်းလှပေသည်။ လူတိုင်းကျေနပ်နိုင်လောက်သော အလုပ်အကိုင် ရရှိခြင်းမျိုးမရှိနိုင်သောကြောင့်ဘဝ၌



နိုင်ငံကိုပြန်ပေးတော်မူမည်လောဟု မေးလျှောက်ခဲ့ကြသည်" (တ ၁း၆)။

သူတို့ဆန္ဒစောလွန်းခဲ့ပါသည်။ သူတို့အနေဖြင့် ဂျူးတို့ဘုရင်ဟူသောစာတမ်းကိုလက်ဝါးကပ်တိုင်ပေါ်၌ မြင်တွေ့ဖတ်ရှုခဲ့ကြပါသည်။ ယေရှုခရစ်တော်သည် အမှန်ပင်ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်း၌လည်း သူ့တပည့်တော်နှင့်အတူသွားလာပြောဆိုနေထိုင်ရခြင်းကြောင့်သူ့တပည့်တော်များအနေဖြင့် ယေရှုခရစ်တော်သည်သေခြင်းကို အောင်နိုင်ပြီးမသေနိုင် မပုပ်ပျက်နိုင်သော ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်ကြောင်း တပ်အပ်သေချာသိမြင်ကြသောအခါ သရဖူဆောင်းရင်းဘုရားရှင်၏နိုင်ငံတော်ကို ဂျူးလူမျိုးတို့အတွက် ပြန်လည်ထူထောင်ပေးရမည့်အရေးကိုစိတ်မရှည် ဖြစ်နေခဲ့ကြပါသည်။ သို့သော်ထိုသို့ဖြစ်မလာခဲ့သေးပါ။ ခရစ်တော်အကြောင်း သတင်းကောင်းသည်နိုင်ငံအနှံ့အပြားသို့ မကြားသူမကျန်သည့်အထိ အရင်ဦးစွာဟောပြောကြေညာခြင်းက အရင်ရှိရပါမည့်အကြောင်း ခရစ်တော်ကမိန့်ဆိုတော်မူခဲ့ပါသည်။ "သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင်ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူခဲ့၏" (တ ၁း၈)။




ယေရုရှလင်မြို့ - <u>ယေရုရှလင်မြို့ကိုအခြေခံပြီးမျဉ်းကြောင်းဆွဲသောအခါ</u>
ကမ္ဘာ့အလယ်လမ်းဆုံ <u>ဖြတ်သန်းရာကမ္ဘာ့မြို့တော်ကြီးများပြမြေပုံကြမ်း</u>

ထို့ကြောင့်ဘုရားရှင်အုပ်ချုပ်သောနိုင်ငံတော်သည် ဂျူးလူမျိုး၏ နယ်မြေ၌

ဂျူးရှင်ဘုရင်ကအားအုပ်ချုပ်ခြင်းကို ဖော်ညွှန်းကြောင်း သိလာခဲ့ကြပါပြီ။ ရှင်ဘုရင်တိုင်းစိုးစံရာနန်းမြို့တော်ဆိုသည်မှာ ရှိမြဲသဘာဝဖြစ်သောကြောင့် ယေရုရှလင်မြို့သည်ခရစ်တော်နန်းစံရာမြို့တော် ဖြစ်လာလိမ့်မည်။ ယေရှုခရစ်တော်မပေါ်ခင်နှစ်တစ်ထောင်ကျော်ကတည်းက ဂျူးလူမျိုးတို့၏ ကဗျာတစ်ပုဒ်ကိုဖတ်ကြည့်ပါ။

"မြေကြီးတပြင်လုံးရွှင်လန်းရာ ဇိအုန်တောင်ထိပ်သည် အဆင်းလှပေ၏။ မြောက်မျက်နှာဘက်၌ မဟာမင်းကြီး၏မြို့တော်သည် တည်၏" (ဆာ - ၄၈း၂)။

ယေရုရှလင်မြို့ကြီးသည်ဝါရှင်တန်မြို့တော်၊ ဘေဂျင်းမြို့နှင့်မော်စကို စသည့်မြို့ကြီးများထက် ကမ္ဘာ့အလယ်ဗဟိုကျသောမြို့တော် ဖြစ်လာလိမ့်မည်။ ကမ္ဘာ့တိုက်ကြီးများအတွက် အဆင်ပြေလိမ့်မည်။ ထို့ကြောင့်ဘုရားရှင်နိုင်ငံတော်ဆိုသည်မှာ ကမ္ဘာပေါ်မှာရှိသောနိုင်ငံတော်ဖြစ်ပြီး၊ ယေရှုခရစ်တော်သည်ပင်အရှင်သခင်အုပ်ချုပ်သူ ဧကရာဇ်မင်းကြီးဖြစ်လာမည်။ ပရောဖက်ဒံယေလ ကြိုတင်ဟောကိန်းထုတ်ခဲ့သော အင်အားကြီးနိုင်ငံများ ဖြစ်သည့် ဗာဗုလုနိ၊ ပါးရှား၊ ဂရိနှင့်ရောမနိုင်ငံကြီးများခေတ်ကုန်ဆုံးပြီးမှ၊ အင်အားချိ့တဲ့သော နိုင်ငံသေးသေးလေးများပေါ်ထွန်းလာကြပြီးနောက် ဘုရားရှင်အား အာခံသူထိုနိုင်ငံလေးများကိုယေရှုခရစ်တော်ကချေမှုန်း၍၊ ကမ္ဘာကြီးတစ်ခုလုံးအားအုပ်ချုပ်သွားမည့်အကြောင်းပြည့်စုံလာလိမ့်မည်။ ယေရှုခရစ်တော်သည်တောင်ထိပ်ပေါ်ရှိလက်ဖြင့်မထုလုပ်သော ကျောက်တုံးကြီး အဖြစ် နေဗုခဒ်နေဇာ၏ အိပ်မက်ထဲ၌ ပေါ်လာခဲ့ပါသည်။ ထိုကျောက်တုံးကြီးသည် တောင်ပေါ်မှလိမ့်လာပြီး၊ ရုပ်ထုတစ်ခုလုံးပေါ်ကျလာကာ ရုပ်တုတစ်ခုလုံး ပြိုကွဲပျက်စီးသွားစေခဲ့သည်။ ထိုကျောက်တုံးကြီးသည်ယေရှုခရစ်တော်အား ပုံဆောင်ခြင်းဖြစ်ပါသည်။ "နောက်ဆုံးခေတ်၌ တလောကလုံးကိုသူက အုပ်ချုပ်သွားလိမ့်မည်" ဟူသော နိမိတ်ပေးအိပ်မက် ဖြစ်ပါသည်။

"လက်နှင့်မထုလုပ်ဘဲ ကျောက်တစ်လုံးသည်တောင်ပေါ်က အလိုလိုပဲ့ကွာ၍၊ သံ၊ ကြေးဝါ၊ သရွတ်၊ ငွေ၊ ရွှေတို့ကိုချိုးဖဲ့သည်ကို မြင်သည့် အကြောင်းအရာမှာ၊ ပျက်စီးခြင်းသို့မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများ



မေတ္တာထားကာချစ်ခင်ကူညီတတ်လာကြသည်။ အမှန်တရားနှင့် ရိုးသားစွာပြုမူနေထိုင်ခြင်းက ကိုယ့်ဘဝကောင်းစားရေးအတွက်သာ အကျိုးဖြစ်ထွန်းကြောင်းသဘောပေါက်လာ ကြလိမ့်မည်။ မိသားစုနှင့် ဝန်းကျင်အတွက် ညီညာစွာနေထိုင်တတ်သည်သာမက နိုင်ငံတိုင်း၊ လူမျိုးတိုင်း ကြုံတွေ့ရသောပြဿနာများပါဖြေရှင်းပပျောက် သွားစေလိမ့်မည်။ "ဖြောင့်မတ်ခြင်း တရားသည်လည်း ငြိမ်သက်ခြင်းကိုပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်းအကျိုးမူကား ထာဝရငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတည်း" (ဟေရှာ ၃၂း၁၇)။ ထာဝရ အသက်ရသောပုဂ္ဂိုလ်များ၏ အုပ်ချုပ်မှုသည်အဆိုးဝါးဆုံးဖြစ် သောလူ့သဘာဝ ကိုပင်ထိန်းချုပ်နိုင်လိမ့်မည်။ အပြစ်မသိနောင်တမရသူများသည် အကျဉ်းချုံး သေဒဏ်ချမှတ်ခြင်းခံရလိမ့်မည်။ "မြေကြီးကိုနှုတ်ကပတ်တော်လှံတံနှင့်ဒဏ်ခတ်၍ ဆိုးသောသူကို နှုတ်ခမ်းထွက်သက်နှင့်ကွပ်မျက်လိမ့်မည်။ အပြစ်ရှိသောသူသည် အသက်တစ်ရာရှိလျက်သေလျှင်၊ ကျိန်ခြင်းကိုခံရသောသူဟူ၍ မှတ်ရ၏" (ဟေရှာ ၁၁း၄၊ ၆၅း၂၀)။

## ကျန်းမာရေးပြည့်စုံကောင်းမွန်ခြင်း (Good health)

"ထိုမြို့၌၊ အသက်ငယ်သောသူငယ်မရှိရ။ အသက်မပြည့်စုံသော လူအိုလည်း မရှိရ။ အသက်တစ်ရာရှိလျက် သေသူကိုသူငယ်ဟူ၍မှတ်ရ၏။ အပြစ်ရှိသောသူ သည် အသက်တစ်ရာရှိလျက်သေလျှင် ကျိန်ခြင်းကို ခံရသောသူဟူ၍မှတ်ရ၏" (ဟေရှာ ၆၅း ၂၀)။

အထက်ပါကျမ်းချက်သည် ယနေ့တွေ့ကြုံနေရဆဲ ကလေးအသေအပျောက်နှုန်းပပျောက်သွားမည်ကိုဆိုလိုခြင်းဖြစ်ပါသည်။ လူတစ်ယောက်သည်အသက်(၁၀၀)လောက်ထိရှိလျှင် ကလေးစာရင်း၌သာပါဝင်ရဦးမည်။ တချို့တိုင်းပြည်၌အသက်(၄၀)ထိသာရှင်ကြပြီး ဆေးပညာတိုးတက်သည့်နိုင်ငံများမှာလည်း ဆာလံကျမ်းပါအတိုင်း အသက် (၇၀) နှစ်လောက် ရှင်ဖို့သာဖြစ်လျှင်ဤပုံစံမှပြောင်းလဲသွားရခြင်းသည် အံ့ဖွယ်မဟုတ်ပါလား။ ကလေးအရွယ်မှာ

တစ်ကမ္ဘာလုံးရှိ ယဉ်ကျေးမှုဘာသာထုံးစံတိုင်းသည် လူသားများ အတူတကွပူးပေါင်းနေထိုင်လုပ်ကိုင်ရသော ပျော်ရွှင်ဖွယ်လမ်းကြောင်းကို ဖော်ဆောင်ပေးမည်။ ဝါဒစွဲ၊ အရင်းရှင်စနစ် (သို့) ကွန်မြူနစ်စနစ်အပါအဝင် ရက်စက်ကြမ်းကြုတ်သော အနိုင်ကျင့်အုပ်ချုပ်မှုမျိုးကိုပင်ထိန်းချုပ်လာနိုင်ကြမည်။ လောဘရမက်ကြီးခြင်း၊ အတိုးချစားခြင်း၊ အကျင့်ပျက်ခြင်းနှင့် လာဘ်စားမှုများ သည် အာဏာရလိုခြင်းကြောင့်ဖြစ်၍ ခရစ်တော်အုပ်ချုပ်သည့်ကာလ၌ အကုန်ပြောင်းလဲကုန်မည်။ ဆင်းရဲနွမ်းပါးသူများ၊ လူရာမဝင်သူများမရှိသော လူ့ဘောင်သည်ဖြစ်လာမည်။

“ထိုသူသည်ထာဝရဘုရားကိုကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍၊ မိမိမျက်စိမြင်သည်အတိုင်း တရားမစီရင်၊ မိမိနားကြားသည့်အတိုင်း မဆုံးဖြတ်ဘဲ၊ ဆင်းရဲသားတို့၏ အမှုကိုတရားတော်အတိုင်းစီရင်၍၊ နှိမ့်သောမြေကြီးသားတို့ဘက်၌နေလျက်၊ ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်။ မြေကြီးကို နှုတ်ကပတ်တော်လှံတံနှင့် ဒဏ်ခတ်၍၊ ဆိုးသောသူတို့ကို နှုတ်ခမ်းထွက်သက်နှင့် ကွပ်မျက်လိမ့်မည်” (ဟေရှာ ၁၁း၃-၄)။

မင်းကြီးဖြစ်သူခရစ်တော်က တရားမျှတစွာအုပ်ချုပ်သောအခါ လူ့အဖွဲ့အစည်းတစ်ခုလုံးပြောင်းလဲမှုကြီးရှိလာမည် (ဟေရှာ ၃၂း၁)။ချမ်းသာသူဥပဒေတမျိုး၊ ဆင်းရဲသူဥပဒေတမျိုးမရှိတော့ပါ၊ ဝါရှင်တန်၊ မော်စကို ဖြစ်စေ၊ ဘေကျင်းမြို့စသော မည်သည့်နေရာ၊ တိုင်းပြည်၊မြို့ထဲ၌ နေထိုင်သည်ဖြစ်စေ၊တူညီသောတရားဥပဒေအကျိုးကို ခံစားခြင်းရှိလာမည်။ အဘယ်ကြောင့်ဆိုသော် ယေရုရှလင်မြို့မှသခင်ယေရှုချမှတ်ပေးသည့် ဘုရားသခင်၏နည်းဥပဒေနှင့် ဇိအုန်တောင်မှ တရားဒေသနာများပေါ်မူတည်ခြင်းကြောင့် ဖြစ်ပါသည်။လူတိုင်း၊ နိုင်ငံတိုင်းကဤကဲ့သို့သောအကျိုးကို မည်သို့ခံစားနိုင်ကြကုန်မည်နည်း-ဟုမေးစရာရှိမည်။တရားသူကြီးများသည်အပြစ်ရှိသူ၏ စိတ်ထဲစိတ်ကူးကြံစည်မှုဟူသမျှဖောက်ထွင်းမြင်နိုင်ကြသည်သာမကပြစ်ဒဏ် သည်လည်းတရားသဖြင့်ချမှတ်ခြင်းရှိနေပါသည် ။သို့ဖြစ်၍ မကြာမီ လူသူအများက ကိုယ့်အိမ်နားချင်းပေါ်



လက်ထက်၌ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် တည်ထောင်စေတော်မူမည်” (ဒံ-၂း၄၄)။“ကောင်းကင်ဘုံ၌ ကြီးသောအသံတို့က၊ လောကီနိုင်ငံသည် ငါတို့အရှင်၏နိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်းကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်ဟု ပြောဆိုကြ၏” (ဗျာ-၁၁း၁၅)။

## **ကမ္ဘာလူသားအားလုံးတရားစီရင်ခံရခြင်း။**

## Judgements on the world

ခရစ်တော်ဒုတိယကြွလာခြင်းသည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာကောင်းကြီးမင်္ဂလာပါဖြစ်ပေါ်မည်။ ကမ္ဘာ့နိုင်ငံအစိုးရအသီးသီးကို အောင်တော်မူခြင်းအမှုတွင် တွန်းလှန်ခုခံမှုများမရှိဘဲ မဖြစ်နိုင်ပါ။ အောက်ပါ အချက်၄ချက်ကိုကြည့်ကြပါစို့။

၁။ အစ္စရေးလ်နိုင်ငံကို “အားလုံးသောနိုင်ငံများမှ” စုရုံးလာကြပြီးဝိုင်းရံဆန့်ကျင်ကြမည်။သို့သော် ယေရှုခရစ်တော်က ထိုသူအားလုံးကို ဖျက်စီးပစ် လိမ့်မည်။ (ဇာ ၁၄၊ ယေဇ ၃၈း၃၉)။

၂။ ယေရုရှလင်မြို့မှာကြီးမားသော မြေငလျင်ခံရလိမ့်မည်“ထိုနေ့ရက်၌ ခြေတော်သည်ယေရုရှလင်မြို့အရှေ့၊ သံလွင်တောင်ပေါ်မှာ ရပ်၍၊ သံလွင်တောင်သည်အရှေ့ဘက်မှ အနောက်တိုင်အောင် အလယ်၌ ကွဲသဖြင့်၊ အလွန်ကြီးသောချိုင့်ကြီးဖြစ်လိမ့်မည်” (ဇာ ၁၄း၄)။

၃။ ကမ္ဘာ့နိုင်ငံအချို့ကခရစ်တော်နှင့်သူ၏ဘိသိတ်သွန်းထားသူများ အားစိန်ခေါ်ခြင်းရှိလာမည်။ သို့သော်ထိုသူတို့အားလုံး တရားစီရင်ခြင်းခံကြရလိမ့်မည် (ဆာ ၂း၂၊ တ ၄း၂၆၊ ဟေရှာ ၃၄ နှင့် ဗျာ ၁၈)။

၄။ သေသူများရှင်ပြန်ထမြောက်မှုရှိလိမ့်မည်၊ တရားစီရင်ခြင်းလိုက်ပါလာမည်။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများ၏ အော်ဟစ်သံကြီးပေါ်လာလိမ့်မည်။ ခရစ်တော်အား သိသော်လည်း ငြင်းပယ်သူများဖြစ်ကြသည်။ အခြား

တဖက်၌ မင်းကြီးက “ငါ့ခမည်းတော်ထံ ကောင်းချီးမင်္ဂလာကို ခံသောသူတို့ ကမ္ဘာဦးကပင် သင်တို့ အဖို့ ပြင်ဆင်သောနိုင်ငံကိုလာ၍ အမွေခံကြလော့” ဟုဆိုလိမ့်မည်။ (မ ၂၅း၃၄)။

*အကျယ်ကို “ခရစ်တော်ကြွလာတော့မည်” ဆိုသောစာအုပ်၌ ဖတ်ရှုကြပါရန်”

## နိုင်ငံတော်အုပ်ချုပ်ရေးစတင်ခြင်း (The kingdom begins)

အထက်ပါအဖြစ်အပျက်များပြီးဆုံးသောအခါ မင်းကြီး(ခရစ်တော်)သည် သစ္စာရှိအောင်ပွဲခံသောစစ်သည်တော်များကို ယေရုရှလင်မြို့ထဲ ခေါ်ဆောင်သွားမည်။ ခရစ်တော်၏နိုင်ငံတော်အုပ်ချုပ်ခြင်းအလုပ်လည်း စတင်မည်။ ဗိမာန်တော်အသစ် တည်ဆောက်ကြပြီး၊ ဂျူးလူမျိုးတို့ကို ဣရေလနေရာဒေသ အသီးသီး၌ခွဲဝေပြီးနေရာချပေးမည်။

နိုင်ငံခြားမှသံတမန်များ ယေရုရှလင်သို့ ရောက်လာကြပြီး၊ မင်းကြီး (ခရစ်တော်) ကိုဂါဝရပြုကြလိမ့်မည်။ “တာရှုမင်းတို့နှင့် ပင်လယ်တစ်ဘက်၌ နေသောမင်းတို့သည် အခွန်သွင်း၍ ရှေဘမင်းနှင့် သေဘမင်း (အာရပ်မင်း) တို့သည် လည်းလက်ဆောင်ပဏ္ဏာများကို ဆက်ကြလိမ့်မည်။ ထိုမျှမက ရှင်ဘုရင် အပေါင်းတို့ သည် ရှေ့တော်၌ ပျပ်ဝပ်၍၊ ခပ်သိမ်းသောလူမျိုးတို့သည် အမှုတော်ကို ထမ်းကြ လိမ့်မည်” (ဆာ ၇၂း၁၀ - ၁၁)။ တိုက်ခိုက်စဉ်မကျဆုံးဘဲကျန်ခဲ့သောရန်သူ များကပင်ခရစ်တော်အား လာရောက်ဂါဝရပြုကိုးကွယ်လာကြမည်။ အကြောင်း မှာ “ယေရုရှလင်မြို့ကိုတိုက်လာသော လူမျိုးအပေါင်းတို့တွင် ကျန်ကြွင်းသမျှ သောသူတို့သည်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်းဟူသော ရှင်ဘုရင်ကို ကိုးကွယ်၍၊ သကေနေပွဲခံအံ့သောငှါ မြို့တော်သို့နှစ်တိုင်းအစဉ် တက်လာကြလိမ့်မည် (ဇာ - ၁၄း၁၆)။ နိုင်ငံတိုင်း ရှိလူတွေက၊ “‘လာကြ၊ မင်းကြီး၏ တောင်တော်ပေါ်သွားကြစို့” ဟုဆိုကြလိမ့်မည်။ အကြောင်းမှာ “တရားတော်သည် ဇိအုန်တောင်မှဝင်း၊ ထာဝရဘုရား၏ နှုတ်ကပတ် တော်သည် ယေရုရှလင်မြို့မှဝင်း



လိမ့်မည်။

## အနှစ်တစ်ထောင်ငြိမ်းချမ်းရေး (A thousand years of peace)

အခြေအနေသုံးသပ်ညှိနှိုင်းမှုအတွက်မှု အချိန်ယူရပါမည်။ မိမိဘဝ အသီး သီးမှ အကျိုးအမြတ်ခံစားကြစေရေးအတွက်ဖြစ်သည်။ နေ့ချင်းညချင်းအပြီး အောင်မြင်မှုမျိုးတော့ မဟုတ်ပါ။ ထာဝရဘုရား၏ အကြံအစည်တော် တစ်ခုလုံး အကောင် အထည်ဖော်ခြင်း၌ အနှစ်တစ်ထောင်သည် ကမ္ဘာ့လူသားများ အတွက် လန်းဆန်းသောပြုပြင်မှု လုပ်ရမည့်အချိန်ကာလဖြစ်ပါသည်။

ထို့ကြောင့်စိတ်ကူးယဉ်သောခေတ်ဖြစ်လိမ့်မည် ဟုမယူဆသင့်ပါ။ တရား စီရင်ခြင်းကိုကျော်ဖြတ်လာနိုင်သူများပါဝင်နေထိုင်သော တကယ့်ကမ္ဘာကြီး ဖြစ်လာမည်။ ထိုသူတို့ကယေရှုခရစ်တော်၏ အုပ်ချုပ်ရေးစနစ်ကို လက်ခံ အသိအမှတ်ပြုကြပြီးနောက် လူ့ယဉ်ကျေးမှုတစ်ရပ်လုံးအတွက် အကျိုးရှိပုံကို ခံစားနိုင်ရေးအတွက် ခရစ်တော်သည် သံမဏိချောင်းနှင့် အုပ်ချုပ်ခြင်းကို ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ သို့သော်ကမ္ဘာ့နိုင်ငံများအနေဖြင့် သူတို့၏ရှိရင်း အမျိုးသားလက္ခဏာသည် သူတို့၏ ကိုယ်စီယဉ်ကျေးမှုဓလေ့နှင့်အတူ လူမျိုး နောက်ခံအဖြစ်ရှိလိမ့်ဦးမည်။ အုပ်ချုပ်သူများ သည်နိုင်ငံခြား ဘာသာစကားများ ဖြင့် ပြောဆိုနိုင်သောဆုကျေးဇူးများ ခံစားရရှိကြမည်။ သို့သော် ကမ္ဘာ့လူမျိုးတို့ ပြောဆိုကြသောဘာသာစကားများကို တစ်ခုတည်းသောကမ္ဘာသုံးဘာသာစကား အဖြစ်ပြောင်းလဲခြင်းမပြုခင်အထိသာ ဖြစ်ပါမည်။ ထိုကမ္ဘာသုံးဘာသာစကား တစ်မျိုးတည်းသည်ဗာဗုလုန် ( Babel ) ခေတ်ရှုပ်ထွေးခြင်း (ကမ္ဘာဦးကျမ်း ၁၁) ကိုပြောင်းပြန်လှန်ပြီး၊ ဘာသာစကားမျိုးစုံပြောဆိုမှုကြောင့် ဖြစ်နိုင်သော မယုံသင်္ကာရှိမှုများ နှင့်အခက်အခဲပြဿနာများကိုဖြေရှင်းပပျောက်သွားစေမည်။

## တရားမျှတမှုရှိသောစီရင်ရေးစနစ် (A fair system of justice)

ရှိသကဲ့သို့ ခရစ်တော်အုပ်ချုပ်ရေး၌အရည်အချင်းရှိသူ၊ ဘုရားတရားနှင့်ပြည့်ဝသူ၊ သစ္စာတရား လက်ကိုင်ထားသူနှင့်အမုန်းတရားမပါ သူတပါးအပေါ် မနာလို မရှုစိမ့်သောစိတ်ကင်းမဲ့သော သဘောထားပြည့်ဝသူများသည် ဘုရားရှင်အုပ်ချုပ်ရေး၌ ပါဝင်ကြလိမ့်မည်။ ကွာခြားမှုတစ်ခုသည် ပြီးခဲ့သောအုပ်ချုပ် သူများသေဆုံးခဲ့ပြီး လာမည့်ဘုရားသခင်၏ နိုင်ငံတော်၌အုပ်စိုးသူများမှာ သေခြင်းလည်းမရှိ အရည်အချင်းလည်းမကျဆင်းဘဲ ထာဝစဉ်အုပ်ချုပ်ရေး၌ ပါဝင်ကြလိမ့်မည်။ အုပ်စိုးသည့်အရာ၌သင့်တော်သူများ (ယောကျ်ား၊ မိန်းမ) ကိုဘုရင်မင်းမြတ်က ကောင်းစွာရွေးချယ်ခန့်အပ်တတ်သည်။ ထိုပြင် အမှုတော်ထမ်းရန်၊ ယခုအသက်တာ၌ စိတ်ရောကိုယ်ပါအသုံးပြုမှု၌ ပြင်ဆင်ပျိုးထောင်ပေးနေသည်။

**ထာဝရအသက်ပါအရည်အချင်းကောင်း**

The quality of eternal life

ထာဝရအသက်ရရှိသောပုဂ္ဂိုလ်များသည်အကျိုးထူးခံစား ကြရလိမ့်မည်။ အမြဲကျန်းမာသန်စွမ်းကြပြီး မည်သည့်ဒဏ်ရာရောဂါမျှရရှိနိုင်မည်မဟုတ်ပါ။ “ရေနှင့်အစာကို မငတ်မွတ်ရကြ။ နေရောင်ခြည်အလျှင်းမထိရ။ အဘယ်အပူကိုမျှ မခံရကြ။ . . . . . ဘုရားသခင်သည်လည်း သူတို့မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်” (ဗျာ ၇း၁၆-၁၇)။ သူတို့သည် ခရစ်တော်ကဲ့သို့ လူများစိတ်ထဲရှိစိတ်ကူးမှုများကို ဖောက်ထွင်းမြင်တွေ့ရလိမ့်မည်။ လူများ၏ အခက်အခဲ ပြဿနာကိုအလိုလိုကိုင်တွယ်ဖြေရှင်းနိုင်ကြလိမ့်မည်။ လူဆိုးများကို ဖယ်ရှားပြီး၊ အိမ်နီးနားချင်းယုံကြည်ကိုးစားမှုတည်ဆောက်ပေးလိမ့်မည်။ ယင်းအရည်အချင်းဖြင့် ယခုကမ္ဘာ့ပြဿနာကို ပြီးမြောက်အောင်မြင်လိမ့်မည်ကို စဉ်းစား ကြည့်ပါ။

ယေရုရှလင်မြို့မှစေလွှတ်သောခရစ်တော်၏ လက်အောက်ခံလူများ အုပ်ချုပ်ခြင်းသည် တကမ္ဘာလုံးကိုအရှိန်အဟုန်ကြီးစွာပြောင်းလဲစေလိမ့်မည်။ သမ္မာကျမ်းစာ အခြေခံသောတရားဥပဒေပြဋ္ဌာန်းချက်များက နိုင်ငံရေးမသမာမှုများကိုဖြိုဖျက်ပြီး ဘာသာရေးကွဲပြားခြားနားမှုများကိုပါ ဖယ်ရှားသွား



ပေါ်ထွက်လာလိမ့်မည်” (ဟေရှာ ၂း၃)။ နိုင်ငံတိုင်းက စစ်အတတ်ကိုမသင်၊ လက်နက်များအစား လယ်ထွန်စက် များထုတ်လုပ်လာကြမည်။ လှံတံများသည် လယ်လုပ်ငန်း၌ ခုတ်ထွင်ရှင်းလင်းသော ကိရိယာ ဖြစ်သွားလိမ့်မည်။နောက်ထပ်စစ်ပွဲလည်းမရှိတော့ပါ။

**အုပ်ချုပ်ခြင်းခံရသောလူများ** (The people of the kingdom)

ဘုရားရှင်နိုင်ငံတော် ဤလောက၌ တည်ထောင်လာသောအခါ လူတန်းစား(၂)မျိုးရှိလာမည်။ ပထမတန်းစားက အုပ်ချုပ်သူအတန်းအစားအဖြစ် ဝိညာဉ်ခန္ဓာကိုယ်နှင့်ထာဝရအသက်ရှင်သူများဖြစ်ကြပြီး ဒုတိယအတန်းစားမှာ အုပ်ချုပ်ခြင်း ခံရသူအတန်းအစားဟူ၍ ဖြစ်ပါသည်။ ဒုတိယအတန်းအစားပါ လူတို့သည် အသက်သေဆုံးခြင်းရှိသည်။ (ထာဝရအသက်ရှင်သူများမဟုတ်ပါ။)

ပထမအတန်းအစား၌ ဘုရင်ဧကရာဇ်မင်းကြီးသည် သခင်ယေရှုခရစ်တော်ဖြစ်ပြီး၊ တကမ္ဘာလုံးကိုအုပ်ချုပ်သွားမည်။ သူ၏အုပ်ချုပ်ရေး၌အာဗြဟံ၊ ဒါဝိဒ်မင်းကြီးမှအစ အခြားသူတော်စင်ပရောဖက်များ၊ တမန်တော်များနှင့် စစ်မှန်သောယုံကြည်သူ(ထမြောက်သူ)များသည် အုပ်ချုပ်ရေးကဏ္ဍအသီးသီး၌ ပါဝင်ကြကုန်ပြီး အုပ်ချုပ်ခြင်းခံရသူလူတန်းစားများအတွက် အမှုထမ်းကာ အမိန့် ပြန်တမ်းထုတ်ခြင်း၊ ပညာပေးခြင်း၊ စည်းကမ်းပြုလုပ်ကြပ်မတ်ခြင်း စသည့် ရှင်ဘုရင်ခိုင်းသမျှ အလုပ်ကိုလုပ်ကြလိမ့်မည်။ ဒုတိယအတန်းအစားပါလူများ သည် ခရစ်တော်ကြွလာတုန်းက တရားစီရင်ချမှတ်ခြင်းမှ လွတ်မြောက်လာ သူများဖြစ်ကြပြီး ယေရှုခရစ်တော်အား အရှင်သခင်အဖြစ် လက်ခံအသိအမှတ်ပြု လိုသောသူများဖြစ်ကြသည်။ ထိုလူတန်းစားထဲ၌ ဂျူးလူမျိုးလည်းပါဝင်ကြပြီး တပါးအမျိုးသားများလည်းပါဝင်ကြ၏။ ခန္ဓာကိုယ် သေဆုံးခြင်းခံရမည့်သူများ ဖြစ်ကြ၏။

**ထာဝရရှင်သန်သူများ** (The immortals)

ထာဝရအသက်ရှင်သန်ခြင်းသည် လူ့ဘဝတုန်းက သမ္မာကျမ်းစာပါ

ဘုရားရှင်၏ တရားစကား ပညတ်ချက်များကိုသစ္စာရှိရှိ လိုက်နာကျင့်သုံးသော သူများထံ ထာဝရဘုရား ပေးတော်မူသော တန်ဖိုးအကြီးမားဆုံး ဆုကျေးဇူးကြီး ဖြစ်ပါသည်။ ထိုသူများထဲ၌ ခရစ်တော်ကြွမလာခင် နှစ်ကာလများတုန်းကခန္ဓာ ကိုယ်သေဆုံးခဲ့သူများ ဖြစ်ပါသည်။

(ဗျာ - ၅း၉-၁၀) "ကိုယ်တော်သည် အသေသတ်ခြင်းကိုခံတော်မူသောအားဖြင့် ၊ အသီးသီးဘာသာစကား ------ကိုပြောသောလူမျိုးနွယ်ခပ်သိမ်းတို့အထဲမှ အကျွန်ုပ်တို့ကိုယူ၍၊ အသွေးလက်နှင့် ဘုရားသခင်အဘို့ရွေးနုတ်တော်မူ၏ ------------------ စိုးစံရသောအခွင့်ကို ပေးတော်မူ၏

"ပလ္လင်များကိုလည်းငါမြင်၏။ ပလ္လင်ပေါ်မှာ ထိုင်သောသူတို့သည် တရားစီရင်ရသောအခွင့်ကိုရကြ၏။ သားရဲနှင့်သူ၏ရုပ်တုကိုမကိုးကွယ်။ သူ၏တံဆိပ်လက်မှတ်ကို နဖူး၌မခံ၊ လက်၌မခံဘဲနေ၍၊ ယေရှု၏အသက်သေခံတော်မူချက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့်၊ လည်ပင်းဖြတ်ခြင်းကိုခံရသော သူတို့၏ ဝိညာဉ်များကို ငါမြင်၏------- သူတို့သည် အသက်ရှင်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့် အတူစိုးစံရကြ၏။ (ဗျ ၁၂၀း၄)

ထာဝရရှင်သန်ခြင်း(မသေဆုံးနိုင်ခြင်း)ဘဝကို တစ္ဆေသရဲဘဝပုံစံမျိုးဖြင့် ယူဆလျှင်မှားနိုင်သည်။ ရှင်ပြန်ထမြောက်ခဲ့သူ ယေရှုခရစ်တော်သည် မသေဆုံးနိုင်သောဘဝ၊ ထာဝရရှင်သန်သောဘဝဖြင့်ဤလောက၌ ဆက်လက်နေထိုင် လှုပ်ရှားစဉ်၌ သူ့တပည့်တော်များနှင့် အတူတကွစားသောက်ခြင်း၊ နေထိုင်ပြောဆိုခြင်းများရှိခဲ့ပါသည်။ ထို့ကြောင့်ထာဝရရှင်သန်ခြင်းသည် ရုပခန္ဓာကိုယ်နှင့် ဆိုင်သော စွမ်းဆောင်မှုများလှုပ်ရှားမှုများရှိနေကြောင်း ယေရှုခရစ်တော်ကိုယ်တိုင် အထိအကိုင်ခံရသည်အထိ ဖော်ပြတော်မူခဲ့ပါသည်။ ထို့ကြောင့်မသေနိုင်သော ခန္ဓာကိုယ်သည် အရိုးအသားများလည်းပုံမှန်ရှိနေပြီး ထာဝရဘုရား၏ ဝိညာဉ်တော်က ပကတိအတိုင်း လှုပ်ရှားနိုင်သောအင်အားကိုသွင်းခြင်းသာဖြစ်ပါသည်။

ထို့ကြောင့်ရောဂါဘယခံစားမှု၊ အင်အားချို့တဲ့မှု . . . စသည်များ မရှိတော့



သောခန္ဓာကိုယ်ဖြစ်ပါသည်။

ဘုရားရှင်နိုင်ငံတော်၌ ယေရှုခရစ်တော်သည် အုပ်ချုပ်သူမင်းကြီးအနေဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးစီမံခန့်ခွဲရာတွင် အခြားသောအုပ်ချုပ်သူ ပညာရှိမင်းများ ကဲ့သို့သူသင်တန်းပေးပြီးသောသူများကို အုပ်ချုပ်ရေးကဏ္ဍအသီးသီး၌ ခန့်အပ်တော်မူမည်။ အုပ်ချုပ်ရေး၌ထင်ရှားသောပုဂ္ဂိုလ်များသည် အာဗြဟံ၊ ဒါဝိဒ်၊ ဣဇာက်၊ ယာကုပ်၊ ယောသပ်၊ မောရှေနှင့်ရှမွေလ . . . . စသည်များ ပါဝင်မှာ ဖြစ်ပြီး၊ စာရဲရာခပ်၊ ရုသ၊ မာရိနှင့် ဧလိရှဗက် . . . . စသည့် အမျိုးသမီးကြီးများ လည်းပါဝင်ကြမည် (ရော ၄း၁၃၊ ယေဇ ၃၇း၂၅ အရ)။ သူတို့သည် ခရစ်ယာန်ယုံကြည်ခြင်းတရား၏ အမာခံများ၊ စံပြနမူနာကောင်းများ ဖြစ်ခဲ့ကြပါပြီ။

## <u>**ယေရှုခရစ်တော်နှင့်အတူနိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့**</u>

## Rulers with Christ

ဂတိတော်အတိုင်း၊ တမန်တော်(၁၂)ပါးသည် အဓိကအခန်းကဏ္ဍမှပါဝင်ကြမည်။ "ငါအမှန်အကန်ဆိုသည်ကား၊ အလုံးစုံသော အရာတို့ကို အသစ်ပြုပြင်သောကာလ၌ လူသားသည် ဘုန်းရှိသောပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောအခါ၊ ငါ့နောက်သို့လိုက်ကြသော သင်တို့သည် တစ်ဆယ့်နှစ်ခုသော ပလ္လင်ပေါ်မှာ ထိုင်လျက်၊ ဣသရေလလူတစ်ဆယ့်နှစ်မျိုးကို စစ်ကြောစီရင်ရကြလတံ့" (မ ၁၉း၂၈)။

ပရောဖက် ဒံယေလ၏ရူပါရုံ၌မြေကြီးပေါ်ရှိ ဘုရားသခင်၏နိုင်ငံတော်၌ မည်သူများအုပ်စိုးမည်ကို ဖတ်ရှုရပါလိမ့်မည်။

"အမြင့်ဆုံးသောဘုရား၏ သန့်ရှင်းသောသူတို့သည် နိုင်ငံကိုသိမ်းယူ၍ ကမ္ဘာအဆက်ဆက် ခံစားကြလတံ့ဟု အနက်အဓိပ္ပာယ်ကို ကြားပြော၏" (ဒံ ၇း၁၈)။

သေခြင်းမရဏကိုအောင်နိုင်သူ သူတော်စင်များဆိုသည်မှာ အဘယ်နည်း။ ဘုရားရှင်ရွေးကောက်ပြီး သီးခြားဖယ်ထားကာ သန့်ရှင်းသောအသက်တာရှိသူတို့ ကိုဆိုလိုပါသည်။ မောရှေခေါင်းဆောင်မှုအောက်၌ သူ့ကိုကူညီသူများ